MHAA

# Myanmar Health Assistant Association
# Vacancy Announcement
# (VA-106/2026 MHAA-HR)

| | |
|---|---|
| **ရာထူးအမည်** | Community Mobilizer (ရပ်ရွာစည်းရုံးရေးမှူး) |
| **အရေအတွက်** | **၁ ဦး** |
| **စီမံချက်အမည်** | Accelerating Access to Essential Healthcare through Community Empowerment and Innovation Project (ACE-KKM-Kayin) |
| **ခန့်ထားမည့်ဒေသ** | ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| **အစီရင်ခံရမည့်သူ** | Project Coordinator (စီမံချက်ညှိနှိုင်းရေးမှူး) |
| **ရာထူးအဆင့်** | A2 |
| **လျှောက်လွှာပိတ်ရက်** | **၂၅ ရက်နေ့ အောက်တိုဘာလ ၂၀၂၆ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ် သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

ရပ်ရွာစည်းရုံးရေးမှူး၏ တာဝန်ဝတ္တရားများ

- ❖ စီမံချက်လုပ်ငန်းများ အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကျေးလက်ကျန်းမာရေးကော်မတီ အစည်းအဝေးများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ နှင့် လူထုတွေ့ဆုံဆွေးနွေးပွဲများအတွက် စီစဥ်ဆောင်ရွက်ပေးရမည်။
- ❖ ကွင်းဆင်းဝန်ထမ်းအနေဖြင့် လူထုစည်းရုံးရေးမှူးအား ကျေးရွာရှိ အုပ်ချုပ်ရေးမှူး/ ရပ်မိရပ်ဖများနှင့် အသိပေးဆွေးနွေးပွဲများပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။
- ❖ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း အကောင်ထည်ဖော်ဆောင်ရွက်နေသော စီမံချက်လုပ်ငန်းများတွင် စီမံချက်ဒေသရှိလူထုအား စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းပါဝင်ခြင်းများ ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရမည်။
- ❖ ကျေးရွာအသီးသီး၌ ကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများတွင် စီစဥ်ပေးရမည်။
- ❖ စေတနာ့ဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးကော်မတီများနှင့် လူထုအတွက် အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေရာတွင် အချိန်မှီရောက်ရှိအောင် စီစဥ်ဆောင်ရွက်ရမည်။
- ❖ လုပ်ငန်းစီစဥ်ဆောင်ရွက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် ကြီးကြပ်သူအား စီမံကိန်း အခြေအနေများကို ပုံမှန်အစီရင်ခံတင်ပြရမည်။
- ❖ တာဝန်ကျဒေသရှိ ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခြင်း ဒေတာစုဆောင်းခြင်းများ ပြုလုပ်၍ အထက်အရာရှိအား တင်ပြရမည်။
- ❖ သက်ဆိုင်ရာမြို့နယ်ရှိဝန်ထမ်းများမှ ကွင်းဆင်းဆောင်ရွက်မှုများလုပ်ဆောင်ရာတွင် အလျင်းသင့်သလို ဒေသခံဘာသာစကားမှ မြန်မာဘာသာစကားသို့ ပြန်ဆိုပေးနိုင်ရမည်။
- ❖ အသုံးစရိတ်နှင့်သက်ဆိုင်သော အထောက်အထား ပြေစာ၊ ဘောင်ချာ၊ စာရွက်စာတမ်းအားလုံးအပါအဝင် လုပ်ငန်းကြိုတင်ငွေနှင့် အသုံးစရိတ် ငွေစာရင်းရှင်းတမ်းအား မြို့နယ်တာဝန်ခံ နှင့် ဘဏ္ဍာရေးအရာရှိထံသို့ သတ်မှတ်ထားသော အချိန်အတွင်း ပြည့်စုံစွာ အချိန်မှီပေးပို့ရမည်။
- ❖ ကြီးကြပ်သူအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်သော စီမံကိန်းနှင့် ပတ်သက်သည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ရမည်။

လိုအပ်သော အရည်အချင်းများ

- ❖ အနည်းဆုံးအခြေခံ ပညာအထက်တန်းတက်ဖူးသူ (သို့မဟုတ်) လုပ်ငန်းနှင့်ကိုက်ညီသော ပညာအရည်အချင်းရှိသူ ဖြစ်ရမည်။
- ❖ အနည်းဆုံး ကွန်ပျူတာအခြေခံ တက်ကျွမ်းရမည်။
- ❖ လူထုအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် သင်တန်းပေးသည့် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- ❖ ဆက်ဆံရေးကောင်းမွန်၍ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ချင်သူ ဖြစ်ရမည်။
- ❖ လူထုကျန်းမာရေးလုပ်ငန်းများအား စေတနာရှိစွာ၊ စိတ်ပါဝင်စားစွာ လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။

- သွားလာရခက်ခဲသောဒေသများသို့ ခရီးသွားလာနိုင်ပြီး ဆိုင်ကယ်ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဦးစားပေးမည်။
- သက်ဆိုင်ရာအလုပ်လျှောက်ထားသော မြို့နယ်ဒေသခံအား ဦးစားပေးမည်။
- မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ချမှတ်ထားသော ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း များကို လိုက်နာနိုင်ရမည်။

## လျှောက်လွှာညွှန်ကြားချက်များ

စိတ်ပါဝင်စားသူများသည် ပူးတွဲပါ link မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်- [Community Mobolizer_Hpa-an_ACE-KKM-Kayin]. လျှောက်ထားရမည့်နောက်ဆုံးရက်မှာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ မြန်မာစံတော်ချိန်ညနေ ၅ နာရီအထိ ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည် ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူ အားလုံးထံမှ လျှောက်လွှာများကို ကြွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောက်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံးဝ) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။